**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ရုံးတွင်းညွှန်ကြားစာ ၁၁၁၇ / ၂၀၁၆**

**ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်**

အကြောင်းအရာ။ **ဝိုင်တင်သွင်းခွင့်လုပ်ထုံးလုပ်နည်းပါ အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်းအား ပြင်ဆင်သတ်မှတ်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လက်ရှိပြောင်းလဲတိုးတက်လာသော အခြေအနေအရ နိုင်ငံခြားသားဝင်ရောက်မှုများပြားလာခြင်း၊ ပြည်တွင်းဈေးကွက် လိုအပ်ချက်ရှိခြင်းတို့ကြောင့် နိုင်ငံခြားဖြစ်ဝိုင်အမျိုးမျိုးကို ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၇-၃-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၅) ဖြင့် တင်သွင်းခွင့်ပြုခဲ့ပါသည်။

၂။ အဆိုပါ ဝိုင်တင်သွင်းခွင့်လုပ်ထုံးလုပ်နည်းပါ စည်းကမ်းချက်များခေါင်းစဉ် အပိုဒ် ၈ (ဈ) တွင် **"တင်သွင်းဝိုင်၏ အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း** (Alcohol By Volume) **မှာ** (၇%) **မှ** (၂၀%) **အတွင်းရှိရမည်"** အစား **"တင်သွင်းဝိုင်၏ အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း** (Alcohol By Volume) **မှာ ၂၀% အတွင်းသာရှိရမည်"** ဟု ပြင်ဆင်သတ်မှတ်ရန် ၁၆-၉-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၃/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးမှ ခွင့်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ဝိုင်တင်သွင်းခွင့်လုပ်ထုံးလုပ်နည်းပါ စည်းကမ်းချက်များခေါင်းစဉ် အပိုဒ် ၈ (ဈ) အား **"တင်သွင်းဝိုင်၏ အယ်လ်ကိုဟောပါဝင်မှုရာခိုင်နှုန်း** (Alcohol By Volume) **မှာ ၂၀% အတွင်းသာရှိရမည်"** ဟု ပြင်ဆင်သတ်မှတ်ပါသည်။

( မင်းမင်း )
ဒေတ္တညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

ညွှန်ကြားရေးမှူး၊ ဌာနခွဲအားလုံး၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူး/ ဒုတိယညွှန်ကြားရေးမှူး/ လက်ထောက်ညွှန်ကြားရေးမှူး/ ဦးစီးအရာရှိ
ကုန်သွယ်ရေးစခန်းအားလုံး၊ ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံ၊ မြစ်ကြီးနား)
ကုန်သွယ်ရေးဦးစီးဌာန

မိတ္တူကို

ဝန်ကြီးရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ညွှန်ကြားရေးမှူးချုပ်ဦးစီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်မှုလွယ်ကူစေရေးနှင့် စေ့စပ်ညှိနှိုင်းရေးဌာန

လက်ခံစာတွဲ

မျှောစာတွဲ